# Burmese Democratic Futures Working Group – BDFWG

# University of Virginia

## Weekly Summary (July 15 - 21, 2024)

## ဇူလိုင်လ တတိယအပတ်အတွင်း အရပ်သား ထိခိုက် / သေဆုံး / ဆုံးရှုံးမှုများ

- မြန်မာနိုင်ငံအနှံ့အပြားတွင် ဇူလိုင်လ တတိယအပတ်အတွင်း စစ်ကောင်စီတပ်၏ လေကြောင်းနှင့် လက်နက်ကြီး ပစ်ခတ်တိုက်ခိုက်မှုကြောင့် အရပ်သားပြည်သူ ၁၀၃ ဦး သေဆုံးခဲ့ပါသည်။ ထိုအထဲတွင် သံဃာ ၃ ပါး၊ ကလေး ၂ ဦးနှင့် အမျိုးသမီး ၄ ဦး ပါဝင်ပါသည်။
- မန္တလေးတိုင်းတွင် သေဆုံးမှုဦးရေမှာ အများဆုံးဖြစ်ပြီး ၃၀ ဦး သေဆုံးခဲ့ပါသည်။ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ၂၉ ဦး၊ မွန်ပြည်နယ်တွင် ၁၅ ဦး၊ စစ်ကိုင်းတိုင်းတွင် ၁၄ ဦး၊ မကွေးတိုင်းနှင့် ရခိုင်ပြည်နယ်တွင် ၆ ဦးစီ၊ တနင်္သာရီတိုင်းတွင် ၂ ဦးနှင့် ချင်းပြည်နယ်တွင် ၁ ဦးတို့ ဖြစ်ပါသည်။
- လက်နက်ကြီးဖြင့်ပစ်ခတ်မှုကြောင့် သေဆုံးသူ ၄၁ ဦး၊ လေကြောင်းနှင့် ဒရုန်းဖြင့်တိုက်ခိုက်မှုကြောင့် သေဆုံးသူ ၄၄ ဦး၊ သတ်ဖြတ်ခံရမှုကြောင့် သေဆုံးသူ ၁၈ ဦးတို့ ဖြစ်ပါသည်။

### မီးရှို့ဖျက်ဆီးမှုများ

မြန်မာနိုင်ငံအနှံ့အပြားတွင် စစ်ကောင်စီတပ်မီးရှို့သဖြင့် နေအိမ် ၁၅၅ လုံး မီးလောင်ပျက်စီးခဲ့ပါသည်။ ဇူလိုင် ၁၅ ရက်နေ့တွင် ပဲခူးတိုင်း၊ မင်းလှမြို့နယ်၊ သားချောင်းကျေးရွာရှိ နေအိမ်အလုံး ၃၀ ကို မီးရှို့ဖျက်ဆီးခဲ့သည်။ တနင်္သာရီတိုင်း၊ ကော့သောင်းခရိုင်၊ ခမောက်ကြီးမြို့၌ ဇူလိုင်လ ၁၅ ရက်နေ့တွင် နေအိမ် ၁၅ လုံးနှင့် ဇူလိုင်လ ၁၇ ရက်နေ့တွင်  နေအိမ် ၁၀ လုံး မီးရှို့ဖျက်ဆီးခဲ့သည်။ မန္တလေးတိုင်း၊ စဉ့်ကူးမြို့မှ တပ်ဆုတ်သွားသော စစ်ကောင်စီတပ်များမှ စဉ့်ကူးမြို့၊ ရပ်ကွက် ၁ နှင့် ၂ ကို မီးရှို့ဖျက်ဆီးခဲ့သဖြင့် နေအိမ် ၁၀၀ ကျော် မီးလောင်ပျက်ဆီးခဲ့ပါသည်။

## ဖမ်းဆီးခံရမှုများ

မြန်မာနိုင်ငံအနှံ့အပြားတွင် ဇူလိုင်လ တတိယအပတ်အတွင်း အရပ်သားပြည်သူ ၁၅၃ ဦး ဖမ်းဆီးခံခဲ့ရသည်။ ရခိုင်ပြည်နယ်တွင် ၁၀၀ ဦး၊ ပဲခူးတိုင်းတွင် ၃၅ ဦး၊ စစ်ကိုင်းတိုင်းတွင် ၁၀ ဦး၊ မန္တလေးတိုင်းတွင် ၄ ဦး၊ ဧရာဝတီတိုင်းတွင် ၃ ဦးနှင့် ကချင်ပြည်နယ်တွင် ၁ ဦးတို့ ဖြစ်ကြပါသည်။

## လေကြောင်းမှ တိုက်ခိုက်မှုများ

မြန်မာနိုင်ငံ အနှံ့အပြားတွင် ဇူလိုင်လ တတိယအပတ်အတွင်း စစ်ကောင်စီတပ်မှ လေကြောင်း တိုက်ခိုက်မှု ၅၈ ကြိမ်ပြုလုပ်ခဲ့ပါသည်။ မန္တလေးတိုင်းတွင် ၃၂ ကြိမ်၊ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ၁၅ ကြိမ်၊ ရခိုင်ပြည်နယ်တွင် ၅ ကြိမ်၊ ချင်းပြည်နယ်တွင် ၃ ကြိမ်၊ ကချင်ပြည်နယ်တွင် ၁ ကြိမ်၊ မွန်ပြည် နယ်နှင့် တနင်္သာရီတိုင်းတို့တွင် ၁ ကြိမ်စီတို့ ဖြစ်ပါသည်။

## ဇူလိုင်လ တတိယအပတ်အတွင်း ဖြစ်ပွားခဲ့သော တိုက်ပွဲများ

## တိုက်ပွဲနှင့် ထိခိုက်သေဆုံးမှု

၂၀၂၄ ခုနှစ်၊ ဇူလိုင်လ တတိယအပတ်အတွင်း ဒရုန်းဖြင့်တိုက်ခိုက်မှုအပါအဝင် တိုက်ပွဲကြီးငယ်ပေါင်း ၆၈ ကြိမ် ဖြစ်ပွားခဲ့သည်။ မန္တလေးတိုင်းတွင် တိုက်ပွဲအကြိမ်အရေအတွက် အများဆုံးဖြစ်ပြီး ၃၂ ကြိမ် ဖြစ်ပွားခဲ့သည်။ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် တိုက်ပွဲအကြိမ်အရေအတွက် ဒုတိယများဆုံးဖြစ်ပြီး ၁၀ ကြိမ် ဖြစ်ပွားခဲ့သည်။ စစ်ကိုင်းတိုင်းတွင် ၉ ကြိမ်၊ မကွေးတိုင်းတွင် ၈ ကြိမ်၊ ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တွင် ၂ ကြိမ်စီ၊ ပဲခူးတိုင်း၊ ချင်းပြည်နယ်၊ ကရင်နီပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၁ ကြိမ်စီ ဖြစ်ပွားခဲ့ပါသည်။ ဧရာဝတီတိုင်း၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် တိုက်ပွဲ ဖြစ်ပွားခြင်း လုံးဝမရှိပါ။

ဇူလိုင်လ တတိယအပတ်အတွင်း တိုက်ပွဲများတွင် စစ်ကောင်စီတပ်သား ၁၃၈ ဦး သေဆုံးခဲ့ပြီး တော်လှန်ရေး ပူးပေါင်းတပ်ဖွဲ့မှ ၁၉ ဦး ကျဆုံးခဲ့ပါသည်။

## ၁၀၂၇ စစ်ဆင်ရေး အပိုင်း (၂)

### MDY-PDF နှင့် ပူးပေါင်းတပ်ဖွဲ့များ၏ စစ်ဆင်ရေး

- မန္တလေးတိုင်း၊ စဥ့်ကူးမြို့နယ်ရှိ စစ်ကောင်စီစခန်း ၁၁ ခုကို ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များက သိမ်းယူထားပြီး ကျန်စခန်းနှစ်ခုဖြစ်သည့် မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးနှင့် ထုံးကြီးစခန်းကို ဇူလိုင် ၁၇ ရက်နှင့် ဇူလိုင် ၁၈ ရက်တွင် တိုက်ခိုက်သိမ်းပိုက်ခဲ့ပြီး စစ်သုံ့ပန်း ငါးဆယ်နီးပါးကို ဖမ်းဆီးခဲ့ပါသည်။ စဥ့်ကူးမြို့ကို ဇူလိုင်လ ၁၇ ရက်နေ့တွင် အပြီးသတ်သိမ်းပိုင်နိုင်ခဲ့သည်။ စဥ့်ကူးမြို့သည် မန္တလေးမြို့နှင့် မိုင် ၄၀ သာ ကွာဝေးသည်။

- စဥ့်ကူးမြို့သိမ်းတိုက်ပွဲမှ ထွက်ပြေးလာသော စစ်ကောင်စီ၏ ဒုဗိုလ်မှူးကြီးတစ်ဦးအပါအဝင် အခြားအဆင့်များ၊ တပ်သားများနှင့် ပျူစောထီးများ စုစုပေါင်း ၂၈ ဦးအား ဇူလိုင် ၁၈ ရက်နေ့တွင် မိုးကုတ်ဗျူဟာ အမှတ်(၁၂၂၂) တပ်ရင်းက ဖမ်းဆီးရမိခဲ့သည်။

- ဇူလိုင် ၂၀ ရက်တွင် မန္တလေးတိုင်း၊ သပိတ်ကျင်းမြို့နယ်အခြေစိုက် အင်းနက်ကျေးရွာ စစ်ဆေးရေးဂိတ်နှင့် စခန်းကုန်းကို တော်လှန်ရေးပူးပေါင်းတပ်ဖွဲ့မှ ဝင်ရောက်တိုက်ခိုက်သိမ်းပိုက်ခဲ့ရာ စစ်တပ်မှ ၈ ဦး သေဆုံးကာ ၈ ဦးတို့ကို အရှင်ဖမ်းဆီးရရှိခဲ့ပြီး စစ်ကောင်စီတပ်မှ လေကြောင်းဖြင့် ၂ ကြိမ် ပစ်ကူတိုက်ခိုက်ခဲ့သည်။

### TNLA နှင့် ပူးပေါင်းတပ်ဖွဲ့များ၏ စစ်ဆင်ရေး

- ဇူလိုင် ၁၈ ရက်တွင် မန္တလေးတိုင်း၊ မိုးကုတ်မြို့နယ် အရှေ့ပိုင်းရှိ စစ်ကောင်စီတပ်၏ လေးမျက်နာဘုရား၊ မောနိရကျောင်း၊ ညောင်သုံးပင်၊ ပတ္တမြားစေတီအနီးတဝိုက်တွင် စစ်ကောင်စီတပ်နှင့် တအာင်းတပ်မတော် TNLA၊ မိုးကုတ်ဗျူဟာ PDF ပူးပေါင်းတပ်ဖွဲ့တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး မိုးကုတ်အရှေ့ပိုင်းတွင် ရေကန်တောင် စခန်း၊ တာဝါတိုင်စခန်း၊ ပတ္တမြားစေတီ စခန်း၊ ဖောင်တော်ဦး အနီးရှိ စခန်းများကို သိမ်းပိုက်ကာ လက်နက်ခဲယမ်းအချို့ကို ရရှိခဲ့သည်။

**MNDAA နှင့် ပူးပေါင်းတပ်ဖွဲ့များ၏ စစ်ဆင်ရေး**

- တရုတ်နိုင်ငံ၏ တောင်းဆိုမှုကြောင့် ဇူလိုင်လ ၁၉ ရက်မှ ၃၁ ရက်အထိ ယာယီ အပစ်ရပ်ထားမည် ဖြစ်ကြောင်း မြန်မာအမျိုးသားဒီမိုကရက်တစ် တပ်မတော် (MNDAA) က ထုတ်ပြန်ထားသော်လည်း လားရှိုးမြို့၊ ရပ်ကွက် ၅ ရှိ ၅၀၇ တပ်စခန်းအနီးတဝိုက်တွင် ဇူလိုင် ၂၁ ရက်၌ တိုက်ပွဲများ ဖြစ်ပွားနေပြီး၊ စစ်ကောင်စီက လေကြောင်းအပြင် လက်နက်ကြီးများဖြင့်ပါ ပစ်ခတ်မှုများရှိနေကြောင်း သိရသည်။

**ဇူလိုင်လ ၁၅ ရက်နေ့မှ ၂၁ ရက်နေ့အထိ တစ်ပတ်အတွင်းရရှိသော သတင်းများအပေါ် အခြေခံထားပါသည်။**

| Data of Myanmar Conflict 15-21, July 2024 | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| **States** | **Clashes between SAC and PDF/EAOs** | **SAC's soldiers killed** | **PDF killed** | **Children killed** | **Civilians killed** | **Civilians arrested** | **Air Strike** | **Villages set on fire** | **Houses burned down** |
| **AYEYARWADY** | | | | | | 3 | | | |
| **BAGO** | 1 | 7 | | | | 35 | | | 30 |
| **CHIN** | 1 | | | | 1 | | 3 | | |
| **KACHIN** | 2 | | | | | 1 | 1 | | |
| **KARENNI** | 1 | | 3 | | | | | | |
| **MAGWAY** | 8 | 26 | | | 6 | | | | |
| **MANDALAY** | 32 | 74 | | 2 | 28 | 4 | 32 | | 100 |
| **MON** | 2 | 3 | 9 | | 15 | | 1 | | |
| **RAKHINE** | 1 | | | | 6 | 100 | 5 | | |
| **SAGAING** | 9 | 8 | 2 | | 14 | 10 | | | |
| **SHAN (North)** | 10 | | 1 | | 29 | | 15 | | |
| **SHAN (South)** | 1 | 20 | 4 | | | | | | |
| **TANINTHARYI** | | | | | 2 | | 1 | | 25 |
| **TOTAL** | **68** | **138** | **19** | **2** | **101** | **153** | **58** | | **155** |


Map of Myanmar Conflict ( July 15-21, 2024 )
N
NE
E
SE
S
SW
W
NW
INDIA
CHINA
BANGLADESH
LAOS
THAILAND
Bay of Bengal
Andaman Sea
Myitkyina
Lashio
Hakha
Mandalay
Sagaing
Kengtung
Taunggyi
Sittwe
Magway
Nay Pyi Taw
Loikaw
Pyay
Bago
Pathein
Yangon
Hpa-An
Mawlamyine
Dawei

## ဇူလိုင်လ တတိယအပတ်အတွင်း အခြားသိမှတ်ဖွယ်သတင်းများ

### မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် ဦးဆောင်ညွှန်ကြားရေးမှူးကို ဖမ်းဆီး

စစ်ကောင်စီ၏ လက်အောက်ခံဘဏ်ဖြစ်သော မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် (MFTB) မှ ငွေကျပ်သိန်းပေါင်း လေးသောင်းကျော် အလွဲသုံးစားမှုဖြင့် အဆိုပါဘဏ်၏ ဦးဆောင်ညွှန်ကြားရေးမှူး ဒေါ်ကေသီကို ဇူလိုင် ၁၂ ရက်နေ့တွင် စစ်ကောင်စီက ဖမ်းဆီးလိုက်သည်။

### တရုတ်တောင်းဆို၍ ဇူလိုင် ၃၁ ရက်ထိ MNDAA အပစ်ရပ်မည်

တရုတ်နိုင်ငံ၏ တောင်းဆိုမှုကြောင့် ဇူလိုင်လ ၁၉ ရက်မှ ၃၁ ရက်အထိ ယာယီ အပစ်ရပ်ထားမည်ဖြစ်ကြောင်း မြန်မာ အမျိုးသားဒီမိုကရက်တစ် တပ်မတော် (MNDAA) က ထုတ်ပြန်လိုက်သည်။ တရုတ်ဘာသာဖြင့် ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ အပစ်ရပ်ကာလအတွင်း စစ်ကောင်စီ၏ တိုက်ခိုက်ခြင်းခံရပါက ခုခံကာကွယ်သည့် တန်ပြန်တိုက်ခိုက်မှုများကို သင့်တော်သလိုပြုလုပ်မည်ဟု ဖော်ပြထားသည်။

**ကိုးကား - The Irrawaddy, RFA, Ayeyarwaddy Times, D Day News, Myanmar Pressphoto Agency, Khit Thit Media, Narinjara, Mizzima, Myanmar Now, DVB, BBC, MeKong News, Than Lwin Times, PVTV, Khonumthung Burmese.**

## အသေးစိတ်အချက်အလက်များ

### မီးရှို့ဖျက်ဆီးမှုများ

မြန်မာနိုင်ငံအနှံ့အပြားတွင် နေအိမ် ၁၅၅ လုံး မီးလောင်ပျက်စီးခဲ့ပါသည်။

- ဇူလိုင် ၁၅ ရက်တွင် ပဲခူးတိုင်း၊ မင်းလှမြို့နယ်၊ ပဲခူးရိုးမအတွင်းရှိ ဆားချောင်းကျေးရွာသို့ လက်နက်ကြီး၊ လက်နက်ငယ်များ ပစ်ခတ်ကာ စစ်ကြောင်းတက်လာသော စစ်ကောင်စီတပ်ကို ကာကွယ်ရေးတပ်ဖွဲ့မှ ကြားဖြတ်တိုက်ခိုက်ရာ  စစ်သား ၇ ဦးသေဆုံးခဲ့ပြီး စစ်တပ်မှ နေအိမ် ၃၀ ကို မီးရှို့ဖျက်ဆီးသွားခဲ့သည်။

- မန္တလေးတိုင်း၊ စဥ့်ကူးမြို့နယ်၊ လက်ပန်လှကျေးရွာကို ဇူလိုင် ၁၇ ရက်တွင် စစ်ကောင်စီကလေကြောင်းမှ ပစ်ခတ်တိုက်ခိုက်ခဲ့၍ အမျိုးသမီးတစ်ဦးသေဆုံးကာ သုံးဦးထိခိုက်ဒဏ်ရာရရှိခဲ့သည်။ စစ်ကောင်စီတပ်သည် တပ်ဆုတ်သွားစဥ်အတွင်း ရပ်ကွက် ၁ နှင့် ၂ ကိုမီးရှို့ဖျက်ဆီးသွားခဲ့သဖြင့် နေအိမ် ၁၀၀ ကျော်မီးလောင်ပျက်စီးခဲ့ရပါသည်။

- ဇူလိုင် ၁၅ ရက်တွင် တနင်္သာရီတိုင်း၊ ကော့သောင်းခရိုင်၊ ခမောက်ကြီးမြို့၊ မလိဝမ်းဒေသ စာသင်ကျောင်းမှာ တပ်စွဲထားတဲ့ စစ်ကောင်စီတပ်က လက်နက်ကြီးတွေ ပစ်ခတ်တဲ့အပြင် ကျေးရွာထဲစစ်ကြောင်းထိုးကာ အရပ်သားပြည်သူ နေအိမ် ၁၅ လုံး ကို မီးရှို့ဖျက်ဆီးသွားခဲ့ပါသည်။

- ဇူလိုင် ၁၇ ရက်နေ့က တနင်္သာရီတိုင်း၊ ကော့သောင်းမြို့နယ်၊ ခမောက်ကြီးမြို့ထဲသို့ စစ်ကြောင်းထိုးဝင်ရောက်လာတဲ့ စစ်ကောင်စီတပ်ဟာ ကျေးရွာ နှစ်ရွာက ဒေသခံနေအိမ် ၁၀ လုံးကို မီးရှို့ဖျက်ဆီးသွားခဲ့သည်။

**ဖမ်းဆီးခံရမှုများ**

- ဧရာဝတီတိုင်း၊ လပွတ္တာခရိုင်၊ မော်လမြိုင်ကျွန်းမှာ လူငယ် ၂ ယောက်ကို စစ်ကောင်စီတပ်က ဇူလိုင် ၁၄ ရက်တွင် ဝင်ရောက် ဖမ်းဆီးခဲ့ပါသည်။

- ရခိုင်ကနေ စစ်ရှောင်လာတဲ့ ရိုဟင်ဂျာ ၃၅ ဦးကို ပြည်ခရိုင်၊ ပန်းတောင်းမြို့နယ်၊ တယ်ပင်ကျိုး စစ်ကောင်စီစစ်ဆေးရေး ဂိတ်က ဇူလိုင် ၁၉ ရက်မှာ ဖမ်းဆီးခဲ့တယ်လို့ မြို့ခံတွေဆီက သိရပါတယ်။

- ဇူလိုင် ၁၆ ရက်က စစ်ကိုင်းတိုင်း၊ ချောင်းဦးမြို့ပေါ်တွင် စစ်တပ်က ပြည်သူ ၁၀ ဦးခန့်ကို ဖမ်းဆီးခဲ့ပြီး ဆိုင်နှင့် နေအိမ် အချို့ကို မီးရှို့ခဲ့ကြောင်း သိရသည်။

- ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့နယ်၊ ဂူယန်ကျေးရွာက ကချင်ခရစ်ယာန်အဖွဲ့ချုပ် (KBC)ရဲ့ သိက္ခာတော်ရဆရာတော် မဒိန်ခေါ်ဘောမ်ကို ရွာလမ်းဖျက်ဆီးနေတာကို ဖုန်းနဲ့ဗီဒီယိုရိုက်ကူးမှုနဲ့ စစ်ကောင်စီတပ်သားတွေနဲ့ ပြည်သူ့စစ်အဖွဲ့တွေက ဇူလိုင်လ ၁၇ ရက်က ဖမ်းဆီးသွားခဲ့ပါသည်။

- ဇူလိုင် ၁၈ ရက်က မတ္တရာမြို့နယ်၊ ဒေါင်းကျွန်း ကျေးရွာမှ လာရောက်သည့် ရေယာဉ်တစ်စီးပေါ်မှ (၁၉)နှစ်အရွယ် အမျိုးသမီးတစ်ဦး၏ ဖုန်းအားစစ်ဆေးရာ PDFနှင့် ဆက်သွယ်သည်ဟု စွပ်စွဲ၍ စစ်တပ်မှ ဖမ်းဆီးခဲ့သည်။

- ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ မင်းဂံရပ်ကွက်ရှိ ကယ်ဆယ်ရေးအကွက်(၁၁)ကို စစ်ကောင်စီတပ်က ဇူလိုင် ၁၆ ရက်က ဝင်ရောက်စီးနင်းကာ ပြည်သူ ၁၀၀ နီးပါး ဖမ်းဆီးသွားခဲ့ပါသည်။

- ဧရာဝတီတိုင်း၊ ပုသိမ်မြို့နယ်တောင်တန်းကုန်းကျေးရွာတွင် ဒေသခံအမျိုးသမီးတစ်ဦးက တော်လှန်ရေးအဖွဲ့ထောက်ပို့ပစ္စည်းများ လက်ခံထားသည်ဟုဆိုကာ ဇူလိုင် ၁၇ ရက်တွင် စစ်ကောင်စီတပ်ဖွဲ့မှ ဖမ်းဆီးစစ်ဆေးခဲ့သည်။

**အသတ်ခံရမှုများ**

- စစ်ကိုင်းတိုင်း၊ ကလေးဝမြို့နယ်တွင် တပ်ပြန်ဆုတ်သွားသည့် စစ်ကောင်စီတပ်က ဒေသခံ စစ်ဘေး ရှောင်ရှစ်ဦးကို ဇူလိုင် ၁၃ ရက်နေ့တွင် သတ်ဖြတ်ခဲ့သည်။

- ဇူလိုင် ၁၆ ရက်နေ့တွင် မန္တလေးတိုင်း၊ မြင်းခြံမြို့နယ်၊ တူရွင်းဘို့ရွာအနီးမှာ စစ်ကောင်စီတပ် စစ်ကြောင်းနဲ့တိုးတဲ့ ဒေသခံတစ်ဦး ဖမ်းဆီးသတ်ဖြတ်ခံရပြီး နောက်ထပ် ဒေသခံလေးဦးလည်း ဆက်လက်ဖမ်းဆီးခဲ့ပါတယ်။

- မကွေးတိုင်း၊ ပခုက္ကူမြို့နယ်၊ အောင်သာရွာမှာ ဇူလိုင် ၁၇ ရက်က တိုက်ပွဲဖြစ်ခဲ့ပြီး မူလတန်း ကျောင်း အုပ် အပါအဝင် လူသုံးဦး သေဆုံးခဲ့သည်။

- စစ်ကိုင်းတိုင်းဒေသကြီး၊ မင်းကင်းမြို့နယ်၊ တုမရကျေးရွာက အရပ်သား ၆ ဦးကို ဇူလိုင် ၁၆ ရက်မှာ စစ်ကောင်စီတပ်က ဝင်ရောက်သတ်ဖြတ်ခဲ့ပါသည်။

**လေကြောင်းမှ တိုက်ခိုက်မှုများ**

- ချင်းပြည်နယ်တောင်ပိုင်း၊ မင်းတပ် တိုက်နယ် ၁၂ အတွင်းရှိ ကျေးရွာတရွာအား ဇူလိုင် ၁၇ ရက်တွင် မကွေးလေတပ်မှ တက်လာသော ဂျက်ဖိုက်တာတစင်း ဗုံးကြဲခဲ့ရာ အမျိုးသားတဦးသေဆုံးပြီး အမျိုးသမီးနှစ်ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။

- ချင်းပြည်နယ်၊ မင်းတပ်မြို့နယ်တွင် စစ်ကောင်စီက ဇူလိုင် ၁၈ ရက်နှင့် ဇူလိုင် ၁၉ ရက်တွင် လေကြောင်းတိုက်ခိုက်မှု ထပ်မံ ပြုလုပ်ခဲ့သည်။

- ကချင်ပြည်နယ်၊ မိုးမောက်မြို့အနီးက ၇ မိုင် ကျေးရွာပတ်ဝန်းကျင်နဲ့ မိုးမောက် မံပုံကျေးရွာ ပတ်ဝန်း ကို ဇူလိုင် ၁၉ ရက်မှာ စစ်ကောင်စီက ဂျက်တိုက်လေယာဉ်နဲ့ လေကြောင်းတိုက်ခိုက်ခဲ့ပါသည်။

- ဇူလိုင်လ ၁၃ ရက်တွင် မန္တလေးတိုင်း၊ စဉ့်ကူးမြို့နယ်ရှိ ရတနာသိမ်တံတားအနီး စစ်ကောင်စီက လေကြောင်းမှ Y-12 လေယာဉ်ဖြင့် ဗုံးသီး ၃၉ လုံးကြဲချ တိုက်ခိုက်ခဲ့ပါသည်။

- မန္တလေးတိုင်း၊ စဉ့်ကူးမြို့တွင် ဇူလိုင် ၁၅ နှင့် ၁၆ ရက်က စစ်ကောင်စီ၏ လေကြောင်း ၂၅ ကြိမ်နှင့် လက်နက်ကြီး တိုက်ခိုက်မှုများကြောင့် မြို့ပေါ်နေအိမ်များ မီးလောင်ကျွမ်းပျက်စီးခဲ့သည်။

- မန္တလေးတိုင်း၊ စဉ့်ကူးမြို့နယ်၊ လက်ပန်လှကျေးရွာကို ဇူလိုင် ၁၇ ရက်တွင် စစ်ကောင်စီက လေကြောင်းမှ ပစ်ခတ်တိုက်ခိုက်ခဲ့၍ အမျိုးသမီးတစ်ဦးသေဆုံးကာ သုံးဦးထိခိုက်ဒဏ်ရာရရှိခဲ့သည်။ စစ်ကောင်စီတပ်သည် တပ်ဆုတ်သွားစဉ်အတွင်း ရပ်ကွက် ၁ နှင့် ၂ ကိုမီးရှို့ဖျက်ဆီးသွားခဲ့သဖြင့် နေအိမ် ၁၀၀ ကျော်မီးလောင်ပျက်စီးခဲ့ရပါသည်။

- မန္တလေးတိုင်း၊ သပိတ်ကျင်းမြို့နယ်၊ အင်းနက်ကျေးရွာဆက်သွယ်ရေး တာဝါတိုင်ကုန်းစခန်းကို ဇူလိုင် ၂၀ ရက်တွင် (KIA) နှင့် PDF ပူးပေါင်းတပ်ဖွဲ့က တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့ပြီး စစ်ကောင်စီက လေကြောင်းမှ နှစ်ကြိမ်ဗုံးကြဲတိုက်ခိုက်ခဲ့သည်။

- ဇူလိုင် ၁၈ ရက်က မန္တလေးတိုင်း၊ သပိတ်ကျင်းမြို့နယ်၊ ချောင်းကြီးကျေးရွာကို စစ်ကောင်စီက လေကြောင်းတိုက်ခိုက်ခဲ့ရာ ဒေသခံပြည်သူ ၇ ဦး သေဆုံးခဲ့သည်။

- မန္တလေးတိုင်း၊ သပိတ်ကျင်းမြို့နယ်၊ ချောင်းကြီးရွာကို စစ်ကောင်စီတပ်က လေကြောင်းမှ ဇူလိုင် ၁၈ ရက်မှ ဇူလိုင် ၂၀ ရက်အထိ သုံးရက်ဆက် တိုက်ခိုက်နေကြောင်း သိရသည်။

- မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်ထဲက ငပုအင်းရွာနဲ့ လွှစင်ကုန်းရွာကို ဇူလိုင် ၁၉ ရက်မှာ စစ်တပ်က လေယာဉ်နဲ့ ဗုံးကြဲခဲ့တာကြောင့် စားဖိုဆောင်မှာ ချက်ပြုတ်နေတဲ့ အရပ်သား ၁၃ ဦးနဲ့ လွှစင်ကုန်း ဘက်က အရပ်သား ၂ ဦး အပါအဝင် ကာကွယ်ရေးတပ်ဖွဲ့ဝင် ၉ ဦး သေဆုံးခဲ့သည်။

- ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ ငပလီမြို့ ဟိုတယ်ဇုန်ရှိ ဟိုတယ်များကို ဇူလိုင် ၁၄ ရက်မှ ဇူလိုင် ၁၅ ရက်နေ့အထိ စစ်ကောင်စီက လေကြောင်းမှဗုံးကြဲချ ဖျက်ဆီးခဲ့သည့်အပြင် မီးရှို့ဖျက်ဆီးခြင်းများကိုပါ လုပ်ဆောင်နေကြောင်း သိရသည်။

- ရခိုင်ပြည်၊ မောင်တော ကညင်ချောင်းစီးပွါးရေးဇုန်နှင့် စခန်းဟောင်းအချို့ အပါအဝင် တိုက်ပွဲပြင်းထန်စွာ ဖြစ်ပွားနေသည့် ရွှေဇားကျေးရွာအား ဇူလိုင် ၁၅ ရက်တွင် စစ်ကောင်စီက လေယာဉ်များဖြင့် သုံးကြိမ်တိုင်တိုင် ဗုံးကြဲတိုက်ခိုက်ခဲ့ပါသည်။

- ရှမ်းပြည်နယ်မြောက်ပိုင်း လောက်ကိုင်မြို့ကို ဇူလိုင် ၁၄ ရက်နေ့မှာ စစ်ကောင်စီတပ်က ဂျက်တိုက် လေယာဉ်နဲ့ ဗုံးကြဲတိုက်ခိုက်တာကြောင့် အရပ်သားတစ်ဦး သေဆုံးပြီး ဆယ်ဦးထက်မနည်း ဒဏ်ရာ ရရှိခဲ့ပါသည်။

- ရှမ်းပြည်မြောက်ပိုင်းတွင် မဟာမိတ် ညီနောင် ၃ ဖွဲ့က ၄ ရက်ကြာ ယာယီ အပစ်ရပ်စဲထားသော်လည်း ဇူလိုင် ၁၅ ရက်တွင် စစ်တပ်က လားရှိုးမြို့ လွယ်ပြေရပ်ကွက်နှင့် ကုန်းညောင်ရပ်ကွက်များကို လေကြောင်း၊ လက်နက်ကြီးများဖြင့် ဗုံးကျဲပစ်ခတ်ခဲ့သည်။

- ရှမ်းပြည်နယ်မြောက်ပိုင်း၊ သန္နီမြို့၊ မြို့မဈေးကို ဇူလိုင် ၁၈ ရက်တွင် စစ်ကောင်စီက တိုက်လေယာဉ် ဖြင့် ဗုံးကျဲမှု ပြည်သူ ၂၀ ဦးထက်မနည်း သေဆုံးခဲ့သည်။

- ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးမြို့အနီးကို ဇူလိုင် ၁၉ ရက်မှာ စစ်ကောင်စီတပ်က လေကြောင်း ကနေ နှစ်ကြိမ် ဗုံးကြဲ တိုက်ခိုက်လို့ အရပ်သား တစ်ဦးသေဆုံးပြီး နောက်ထပ်ငါးဦး ဒဏ်ရာရခဲ့သလို နေအိမ်တချို့လည်း ထိခိုက်ပျက်စီးခဲ့သည်။

- ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးမြို့၊ ရပ်ကွက် ၅ ရှိ ၅၀၇ တပ်စခန်းအနီးတဝိုက်တွင် ဇူလိုင် ၂၁ ရက်၌ တိုက်ပွဲများ ဖြစ်ပွားနေပြီး၊ စစ်ကောင်စီက လေကြောင်းအပြင် လက်နက်ကြီးများဖြင့်ပါ ပစ်ခတ်မှုများ ရှိနေကြောင်း သိရသည်။

- တနင်္သာရီတိုင်း၊ တနင်္သာရီမြို့နယ်ရှိ ပဝရွာနှင့် သာရဖုံးရွာကို ဇူလိုင် ၁၃ ရက်တွင် စစ်တပ်က တိုက်ပွဲ ဖြစ်ပွားခြင်းမရှိဘဲ လေကြောင်း၊ လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်းကြောင့် ပြည်သူ ၂ ဦး ဒဏ်ရာရပြီး နေအိမ်များ ပျက်စီးခဲ့သည်။

## လက်နက်ကြီးဖြင့် တိုက်ခိုက်မှုများ

- မကွေးတိုင်း၊ ဂန့်ဂေါမြို့နယ်၊ လာပို့ရွာကို စစ်ကောင်စီတပ်က ဇူလိုင်လ ၁၃ ရက်နေ့မှာ လက်နက်ကြီး တွေနဲ့ ပစ်ခတ်ခဲ့တာကြောင့် အမျိုးသမီးတစ်ဦး အပါအဝင် နှစ်ဦး သေဆုံးခဲ့ပြီး ၁၄ ဦး ဒဏ်ရာရရှိခဲ့ ပါသည်။

- မကွေးတိုင်း၊ ဆောမြို့နယ်၊ ကြန်တောရွာထဲ ဇူလိုင်လ ၁၇ ရက်က လက်နက်ကြီးကျည် ကျရောက်ပေါက်ကွဲပြီး အရပ်သား တစ်ဦး သေဆုံးကာ နှစ်ဦး ဒဏ်ရာရရှိခဲ့ပါသည်။

- ဇူလိုင် ၁၅ ရက်နေ့တွင် မန္တလေးတိုင်း၊ မိုးကုတ်မြို့အနောက်ပိုင်းရှိ ပန်းမချယ်ရီရပ်ကွက်ကို စစ်ကောင်စီတပ်က ပစ်ခတ်တဲ့ လက်နက်ကြီးကျည် ကျရောက်ပေါက်ကွဲခဲ့တာကြောင့် ကလေးငယ်တွေ အပါအဝင် အရပ်သားနှစ်ဦး သေဆုံးပြီး နောက်ထပ်လေးဦး ထိခိုက်ဒဏ်ရာခဲ့ပါသည်။

- မန္တလေးတိုင်း၊ မတ္တရာမြို့၊ အမှတ် (၂) ရပ်ကွက်ထဲကို ဇူလိုင်လ ၁၆ ရက်နေ့က လက်နက်ကြီးကျည် ကျရောက် ပေါက်ကွဲလို့ အသက် နှစ်နှစ်အရွယ် ကလေးတစ်ဦး အပါအဝင် သုံးဦး သေဆုံးခဲ့ရပါသည်။

- မန္တလေးတိုင်း၊ မိုးကုတ်မြို့ အရှေ့ပိုင်းမှာ ဇူလိုင် ၁၄ ရက် တိုက်ပွဲအတွင်း လက်နက်ကြီး ထိမှန်တာကြောင့် မစိုးရိမ် ကျောင်းတိုက်က ကိုရင် ၃ ပါး ပျံလွန်တော်မူခဲ့ပြီး စစ်တန်းရပ်ကွက်က အမျိုးသမီး တဦး သေဆုံးခဲ့ပါသည်။

- ဇူလိုင် ၁၈ ရက်၌ မန္တလေးတိုင်း၊ မိုးကုတ်မြို့ပေါ်တွင် စစ်တပ်လက်နက်ကြီးကျည်ထိမှန်၍ ကုန်းမြင့်သာယာရပ်ကွက်မှ အမျိုးသား ၃ ဦးသေဆုံးခဲ့သည်။

- မန္တလေးတိုင်း၊ မိုးကုတ်မြို့နယ်မှာ လက်နက်ကြီးတွေကြောင့် ဇူလိုင် ၁၈ ရက်နေ့ တစ်ရက်တည်းမှာ အရပ်သား ၁၁ ဦး သေဆုံးကာ ၁၇ ဦး ထိခိုက်ဒဏ်ရာရခဲ့ပါသည်။

- ဇူလိုင် ၂၀ ရက်တွင် ရွှေဘိုမြို့နယ်၊ ကျောက်မြောင်းမြို့အခြေစိုက် ခမရ၁၂ မှပစ်ခတ်သည့် လက်နက်ကြီးကျည်သည် စဉ့်ကူးမြို့နယ်၊ လက်ပန်လှကျေးရွာနှင့် ရုံးပင်ကုန်းရွာအနီး ဝန်းကျင်သို့ ကျရောက်ပေါက်ကွဲခဲ့ရာ နေအိမ်အချို့ ထိခိုက် ပျက်စီးခဲ့သည်။

- ရခိုင်ပြည်၊ သံတွဲမြို့နယ်၊ ငပလီ ပင်လယ်ကမ်းခြေ ဂျိတ္တောကျေးရွာနဲ့ ကွင်းဝိုင်းရေတပ်အကြားရှိ အဘဲကျေးရွာ အပါအဝင် အနီးအနားရှိတောင်တန်းတွေကို စစ်ကောင်စီရေတပ်က ဇူလိုင်လ ၁၉ ရက်က လက်နက်ကြီးတွေနဲ့ ပစ်ခတ်တဲ့အတွက် ဒေသခံပြည်သူ ၆ ဦး ထက်မနည်းသေဆုံးခဲ့ပါသည်။

- ရှမ်းပြည်မြောက်ပိုင်း၊ ကျောက်မဲမြို့မှာ စစ်ကောင်စီတပ်ရဲ့ လက်နက်ကြီး ပစ်ခတ် တိုက်ခိုက်မှုကြောင့် ဇူလိုင်လ ၁၅ ရက် တွင် ဒေသခံအဖွားအို တစ်ဦးသေဆုံးခဲ့ရပြီး ၃ ဦး ထိခိုက် ဒဏ်ရာရရှိခဲ့ပါတယ်။

- ရှမ်းပြည်နယ်၊ကျောက်မဲမြို့တွင် ဇူလိုင် ၁၆ ရက်က စစ်တပ်ပစ်ခတ်သည့် လက်နက်ကြီးထိမှန်ကာ ပြည်သူ ၃ ဦး ပွဲချင်းပြီး သေဆုံးခဲ့သည်။

- ရှမ်းပြည်နယ်၊ လားရှိုးမြို့တွင် ဇူလိုင် ၁၆ ရက်က စစ်တပ်ပစ်ခတ်သည့် လက်နက်ကြီးထိမှန်ကာ ပြည်သူ ၃ ဦး ပွဲချင်းပြီး သေဆုံးခဲ့သည်။

- တနင်္သာရီတိုင်း၊ တနင်္သာရီမြို့နယ်မှာ ဇူလိုင်လ ၁၅ ရက်နေ့က စစ်ကောင်စီတပ်က ပစ်လိုက်တဲ့ လက်နက်ကြီးကျည် ကျရောက်ပေါက်ကွဲတာကြောင့် အမျိုးသမီးတစ်ဦး သေဆုံးခဲ့သည်။

- တနင်္သာရီတိုင်း၊ သရက်ချောင်းမြို့နယ်၊ ညောင်ဇင်ရွာမှာ ဇူလိုင် ၂၀ ရက်နေ့က စစ်ကောင်စီတပ်က ပစ်ခတ်လိုက်တဲ့ လက်နက်ကြီးကျည် ကျရောက်ပေါက်ကွဲတာကြောင့် အရပ်သား တစ်ဦးသေဆုံးခဲ့ပါသည်။

## ဇူလိုင်လ တတိယအပတ်အတွင်း အခြားထိတွေ့တိုက်ပွဲ

- ဇူလိုင် ၁၅ ရက်တွင် ပဲခူးတိုင်း၊ မင်းလှမြို့နယ်၊ ပဲခူးရိုးမအတွင်းရှိ ဆားချောင်းကျေးရွာသို့ လက်နက်ကြီး၊ လက်နက်ငယ်များ ပစ်ခတ်ကာ စစ်ကြောင်းတက်လာသော စစ်ကောင်စီတပ်ကို ကာကွယ်ရေးတပ်ဖွဲ့မှ ကြားဖြတ်တိုက်ခိုက်ရာ  စစ်သား ၇ ဦးသေဆုံးခဲ့ပြီး စစ်တပ်မှ နေအိမ် ၃၀ ကို မီးရှို့ဖျက်ဆီးသွားခဲ့သည်။

- ချင်းပြည်နယ်၊ ဟားခါးမြို့၊ ဝမ္မသူးမောင်းအားကစားကွင်းအနီးတွင်တည်ရှိသော မြို့မရဲစခန်းကို CDF-Hakha တပ်ဖွဲ့က ရှန်းတောင်စစ်ဆင်ရေးအမည်ဖြင့် ဇူလိုင် ၂၀ ရက်တွင် ဝင်ရောက်စီးနင်းတိုက်ခိုက်ရာမှာ စစ်ကောင်စီလက်အောက်ခံ ရဲတပ်သား ၄ ဦးသေဆုံးကာ လက်နက်ခဲယမ်းအများအပြားလည်း သိမ်းဆည်းရမိခဲ့ပြီး အကျဉ်းသား ၆၂ ဦး (အမျိုးသား ၄၉ ယောက် နှင့် အမျိုးသမီး ၁၃ ယောက်) တို့ကို ကယ်ထုတ်နိုင်ခဲ့သည်။

- ကချင်ပြည်နယ်၊ ဗန်းမော်မြို့နယ်ဘက်မှ မိုးမောက်မြို့နယ်ဘက်သို့ စစ်ကြောင်းထိုးလာသော တင့်ကားများ ပါဝင်သည့် စစ်တပ် စစ်ကြောင်းကို ဇူလိုင် ၁၅ ရက်တွင် KIA က ကြားဖြတ်တိုက်ခိုက်ခဲ့ပြီး ဇူလိုင် ၁၆ ရက်ထိ တိုက်ပွဲဖြစ်ပွားခဲ့သည်။

- ကရင်နီပြည်နယ်၊ဖားဆောင်းမြို့အခြေစိုက် ခလရ (၁၃၄)နှင့် (၁၃၅) တပ်ရင်းကို ဇူလိုင် ၁၁ ရက်တွင် ဝင်ရောက် တိုက်ခိုက်ရာ ရဲဘော် သုံးဦး ကျဆုံးခဲ့သည်။

- ဇူလိုင် ၁၆ ရက်နေ့တွင် မကွေးတိုင်း၊ ပခုက္ကူမြို့နယ်ရှိ စစ်တပ် တပ်စွဲထားသော နေရာ ၃ ခုကို တစ်ပြိုင်နက်တည်း ဝင်ရောက်တိုက်ခိုက်ခဲ့ရာ စစ်ကောင်စီ တပ်သား ၅ ဦးသေဆုံးပြီး ၁၅ ဦးထက်မနည်း ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

- ဇူလိုင်လ ၁၆ ရက်နေ့က မကွေးတိုင်း၊ ဆိပ်ဖြူမြို့နယ်၊ ၁၀ မိုင်လမ်းဆုံဂိတ်မှ ထွက်လာသော စစ်ကောင်စီတပ်သား ၂၀ ဦးခန့်ပါ လိုက်ပါလာသည့် ကားတစ်စီးကို ဆိပ်ဖြူ-ပေါက် လမ်းပိုင်း ဆိပ်ဖြူမြို့အနီး တစ်နေရာအရောက် မိုင်းဆွဲတိုက်ခိုက်ခဲ့ရာ စစ်သား ၄ ဦးသေဆုံးပြီး အများအပြား ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

- ဇူလိုင် ၁၇ ရက်တွင် မကွေးတိုင်း၊ မြိုင်မြို့နယ်၊ စစ်တပ်လက်ပါးစေ တွင်းမ ပျူစောထီးရွာက ထွက်လာတဲ့ ရန်သူစစ်ကြောင်းနဲ့ PDF ပူးပေါင်းအဖွဲ့တို့ တွင်းမရွာ မြောက်ဖက်မှာ တိုက်ပွဲ နှစ်ကြိမ်ဖြစ်ပွားခဲ့သည်။

- မကွေးတိုင်း၊ မင်းတုန်းမြို့နယ်၊ ပုသိမ်-မုံရွာ လမ်းပိုင်းတွင် စစ်သားများလိုက်ပါလာသည့် FAW ကား ၁ စီးကို ဇူလိုင်လ ၁၇ ရက်တွင် တော်လှန်ရေးတပ်ဖွဲ့များမှ ပစ်ခတ်တိုက်ခိုက်ရာ စစ်တပ်ဘက်မှ ၆ ဦး သေဆုံးခဲ့သည်။

- ဇူလိုင် ၂၀ ရက်တွင် မကွေးတိုင်း၊ ချောက်မြို့နယ်၊ မြေပဒုံအုပ်စု၊ ဆူးတောကျေးရွာအတွင်း အင်အား ၃၀ ကျော်ဖြင့် ဝင်ရောက်နေရာယူတပ်စွဲထားသည့် စစ်သားများကို ပြည်သူ့ကာကွယ်ရေးပူးပေါင်း တပ်ဖွဲ့မှ ဝင်ရောက်တိုက်ခိုက်ခဲ့ရာ အပြန်အလှန် ပစ်ခတ်တိုက်ခိုက်မှု ၄၅ မိနစ် ခန့်ကြာမြင့်ခဲ့ပြီး စစ်တပ်က အရာရှိ ၁ ဦးနှင့် တပ်သား ၁၀ ဦးသေဆုံးကာ အများအပြား ဒဏ်ရာရရှိခဲ့သည်။

- ဇူလိုင် ၉ ရက်က မန္တလေးတိုင်း၊ တောင်သာမြို့နယ်၊ မြေဖြူကုန်းရွာနှင့် မိုးနှောင်းကင်းကျေးရွာကြား ကားလမ်းပိုင်းတွင် စစ်ကောင်စီယာဉ်အား ပစ်ခတ်တိုက်ခိုက်ရာ တပ်မ(၉၉)လက်အောက်ခံ မြင်းခြံ ခမရ(၁၅)မှ ဒုအရာခံဗိုလ်များ၊ တပ်ကြပ်ကြီးများ ၊ဒုတပ်ကြပ်များအပါ စစ်သုံ့ပန်း ၁၁ ဦး၊ စစ်သူနာပြု တစ်ဦး၊အရာရှိကတော် တစ်ဦး စုစုပေါင်း ၁၄ ဦးအား လက်နက် ခဲယမ်းများနှင့်အတူ အရှင်ဖမ်းဆီး ခဲ့သည်။

- ဇူလိုင် ၁၄ ရက်တွင် မန္တလေးတိုင်း၊ မြင်းခြံမြို့နယ်၊ ခြေဆေးကျေးရွာအတွင်း ဝင်ရောက်လာသော စစ်သားများကို ဒရုန်း ဖြင့် ဗုံးကျဲတိုက်ခိုက်ခဲ့ရာ စစ်သား ၂ ဦးသေဆုံးခဲ့သည်။

- မန္တလေးတိုင်း၊ မတ္တရာမြို့နယ်၊ ကျောက်တံတားရွာအနီးမှာ ဇူလိုင် ၁၄ ရက်က တော်လှန်ရေး ပူးပေါင်း တပ်များနဲ့ စစ်ကောင်စီတို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီမှ လေယာဉ်နဲ့ ဗုံးသီးအလုံး လေးဆယ် နီးပါး ကြဲချတိုက်ခိုက်ခဲ့ပါတယ်။

- ဇူလိုင် ၁၅ ရက်တွင် မန္တလေးတိုင်း၊ မြင်းခြံမြို့နယ်၊ ကျောက်ကန်ရွာရှိ ပျူစောထီးစခန်းကို တော်လှန် ရေးပူးပေါင်းတပ်ဖွဲ့များက ဝင်ရောက်တိုက်ခိုက်ခဲ့ရာ ပျူစောထီး ၅ ဦးသေဆုံးကာ ၁ ဦး အရှင်ဖမ်းမိ ခဲ့သည်။

- ဇူလိုင် ၁၅ ရက်က မန္တလေးတိုင်း၊ တောင်သာမြို့နယ်၊ ဇရပ်ကြီးရွာအနီးတွင် စစ်တပ်စစ်ကြောင်းကို ပြည်သူ့ ကာကွယ်ရေးပူးပေါင်းတပ်ဖွဲ့မှ ၄ ရက်ဆက် တိုက်ခိုက်ခဲ့ရာ စစ်သား ၃၀ ကျော်သေဆုံးပြီး သေနတ် ၁ လက်သိမ်းဆည်း ရရှိခဲ့သည်။

- နေပြည်တော်ရှိ အေလာလေဆိပ်ကို ဇူလိုင်လ ၁၆ ရက် တိုက်ခိုက်မှုအတွင်း စစ်တပ်က ၃၄ ဦးသေပြီး အနည်းဆုံး လေယာဉ် ၃ စီး ထိခိုက်ပျက် စီးသွားတယ်လို့ Brave Warriors for Myanmar (BWM) ရဲ့ ထုတ်ပြန်ချက်အရ သိရှိရပါသည်။

- မန္တလေးမြို့မြောက်ဘက် မိုင် ၄၀ ခန့်အကွာတွင်ရှိသော စဉ့်ကူးမြို့အား ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ များက ဇူလိုင် ၁၇ တွင် အပြီးသတ် သိမ်းပိုက်ခဲ့သည်။

- မန္တလေးတိုင်း၊ စဉ့်ကူးမြို့နယ်ရှိ စစ်ကောင်စီစခန်း ၁၁ ခုကို ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များက သိမ်းယူထားပြီး ကျန်စခန်းနှစ်ခုဖြစ်သည့် မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးနှင့် ထုံးကြီးစခန်းကို ဇူလိုင် ၁၇ ရက်နှင့် ဇူလိုင် ၁၈ ရက်တွင် တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

- မန္တလေးတိုင်း မိုးကုတ်မြို့အရှေ့ပိုင်းတွင် ဇူလိုင် ၁၈ ရက်က တိုက်ပွဲပြင်းထန်ခဲ့ရာ လက်နက်ကြီးထိမှန်မှုကြောင့် အရပ်သား ၁၀ ဦးထက်မနည်း ထိခိုက်သေဆုံးခဲ့ရသည်။

- မန္တလေးတိုင်း၊ မတ္တရာမြို့ပေါ်နှင့် နှစ်မိုင်ခန့်သာဝေးသော ကျောက်တံတားကျေးရွာအနီးတွင် MDY-PDFနှင့် စစ်ကောင် စီတို့ ဇူလိုင် ၁၈ ရက်၌ တိုက်ပွဲပြင်းထန်နေပြီး စစ်ကောင်စီတပ်က လေကြောင်းသုံးတိုက်ခိုက်ခဲ့သည်။

- ဇူလိုင် ၁၈ ရက်တွင် မတ္တရာမြို့နယ်အတွင်း MDY PDF နှင့် ဖြစ်ပွားခဲ့သော တိုက်ပွဲအတွင်းမှ ဆုတ်ခွာထွက်ပြေးလာသော စစ်ကောင်စီ တပ်သားများကို ရွှေဘိုခရိုင်အမှတ် ၁၈ တပ်ရင်းနှင့် နယ်မြေခံ ပကဖများက ကြားဖြတ်တိုက်ခိုက်ခဲ့ရာ တပ်ကြပ် ၁ ဦး နှင့် တပ်သား ၁ ဦးကို အရှင်ဖမ်းဆီးနိုင်ခဲ့သည်။

- ဇူလိုင် ၁၈ တွင် မန္တလေးတိုင်း၊ မိုးကုတ်မြို့နယ်ရှိ လေးမျက်နှာဘုရား၊ မောနိရကျောင်း၊ ညောင်သုံးပင်၊ ပတ္တမြားစေတီအနီးတဝိုက်တွင်လည်း စစ်ကောင်စီတပ်နှင့် တအာင်းတပ်မတော် TNLA၊ မိုးကုတ်ဗျူဟာ PDF ပူးပေါင်းတပ်ဖွဲ့တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး မိုးကုတ်အရှေ့ပိုင်း တွင် ရေကန်တောင် စခန်း၊ တာဝါတိုင်စခန်း၊ ပတ္တမြားစေတီစခန်းနှင့် လက်နက်ခဲယမ်းအချို့တို့ကို သိမ်းပိုက်ရရှိခဲ့သည်။

- မန္တလေးတိုင်း၊ စဉ့်ကူးမြို့နယ် ထုံးကြီးတိုက်နယ်ရဲစခန်းကို ဇူလိုင် ၁၈ ရက်မှာ မန္တလေးပြည်သူ့ကာကွယ်ရေးတပ် (MDYPDF) ပူးပေါင်းအဖွဲ့တွေက တိုက်ခိုက်ပြီး စစ်သုံ့ပန်း ငါးဆယ်နီးပါးကို ဖမ်းဆီးခဲ့ပါသည်။

- စဉ့်ကူးမြို့သိမ်းတိုက်ပွဲမှ ထွက်ပြေးလာသော စစ်ကောင်စီ၏ ဒုဗိုလ်မှူးကြီးတစ်ဦးအပါအဝင် အခြားအဆင့်များ၊ တပ်သားများနှင့် ပျူစောထီးများ စုစုပေါင်း ၂၈ ဦးအား ဇူလိုင် ၁၈ ရက်နေ့တွင် မိုးကုတ်ဗျူဟာ အမှတ်(၁၂၂) တပ်ရင်းက ဖမ်းဆီးရမိခဲ့သည်။

- မန္တလေးမြို့၊ Mytel ရုံးချုပ်ကို ဇူလိုင် ၁၉ ရက်တွင် တော်လှန်ရေးပူးပေါင်းတပ်ဖွဲ့မှ အသေခံဒရုန်းဖြင့် တိုက်ခိုက်ခဲ့ရာ ပြည်သူ့စစ်နှစ်ဦး သေဆုံးခဲ့သည်။

- ဇူလိုင် ၂၀ ရက်တွင် မန္တလေးတိုင်း၊ သပိတ်ကျင်းမြို့နယ်အခြေစိုက် အင်းနက်ကျေးရွာ စစ်ဆေးရေးဂိတ်နှင့် စခန်းကုန်းကို တော်လှန်ရေးပူးပေါင်းတပ်ဖွဲ့မှ ဝင်ရောက်တိုက်ခိုက်သိမ်းပိုက်ခဲ့ရာ စစ်တပ်မှ တပ်ကြပ်ကြီး ၅ ဦး၊ တပ်ကြပ် ၃ ဦးသေဆုံး ကာ ဒုအရာခံဗိုလ် ရွှေသိန်း၊ တပ်ကြပ်ကြီး ၄ ဦး၊ တပ်ကြပ် ၃ ဦးတို့ကို အရှင်ဖမ်းဆီးရရှိခဲ့ပြီး စစ်ကောင်စီတပ်မှ လေကြောင်းဖြင့် ၂ ကြိမ် ပစ်ကူတိုက်ခိုက်ခဲ့သည်။

- မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ ပိန္နဲကုန်းနဲ့ကျောက်ပုံကြီးကျေးရွာတို့မှာ ဇူလိုင် ၁၈ ရက်နေ့က စစ်ကောင်စီတပ်နဲ့ KNLA ပူးပေါင်းတပ်တို့ကြား နှစ်ဖက်တိုက်ပွဲ ဖြစ်ပွားခဲ့ပါသည်။

- ဇူလိုင် ၁၈ ရက်တွင် မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်အတွင်းသို့ အင်အား ၁၃၀ ခန့်ဖြင့် စစ်ကြောင်းထိုးလာသော စစ်ကောင်စီ တပ်သားများကို တော်လှန်ရေးတပ်ဖွဲ့များက ပစ်ခတ်တိုက်ခိုက်ခဲ့ရာ စစ်သား ၃ ဦးသေဆုံးပြီး အရာရှိ ၁ ဦး ပြင်းထန်ဒဏ်ရာရရှိခဲ့သည်။

- ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ် ငပလီ၊ ဂျိတ္တော့ရပ်ကွက်နဲ့ ဟိုတယ်ဇုန်တွေအနီး ဇူလိုင် ၁၉ ရက်မှာ စစ်ကောင်စီတပ်နဲ့ AA တို့ တိုက်ပွဲပြင်းထန်ခဲ့သည်။

- စစ်ကိုင်းတိုင်း၊ ရွှေဘိုမြို့၊ အနောက်ခြမ်း ၁၄ မိုင်ခန့်အကွာရှိ ကူးတိုးဆိပ်ရွာတွင် အထိုင်ချတပ်စွဲနေသည့် စစ်ကောင်စီတပ်နှင့် ပျူစောထီးပူးပေါင်းတပ်စခန်းကို ဇူလိုင်လ ၁၃ ရက်တွင် တိုက်ခိုက်ခဲ့ရာ စစ်ကောင်စီတပ်ဖွဲ့ဝင်များ စခန်းကို စွန့်ခွာ ထွက်ပြေးခဲ့ပြီး PDF တစ်ဦးကျဆုံးခဲ့သည်။

- ဇူလိုင် ၁၆ ရက်တွင် စစ်ကိုင်းတိုင်း၊ ဒီပဲယင်းမြို့၊ စီးပွားရေးဘဏ်အနီး ကင်းထွက်လာသည့် စစ်အုပ်စုဝင်များကို PDF ပူးပေါင်းတပ်က ပစ်ခတ်တိုက်ခိုက်ခဲ့ရာ စစ်သားနှစ်ဦး သေဆုံးခဲ့သည်။

- ဇူလိုင်လ ၁၇ ရက်တွင် စစ်ကိုင်းတိုင်း၊ ရွှေဘိုမြို့နယ်၊ ညောင်ကိုင်းပျူရွာမှ ထွက်လာသော စစ်သားများကို တိုက်ခိုက်ခဲ့ရာ ၄ ဦးသေဆုံးခဲ့သည်။

- ဇူလိုင် ၁၉ ရက်တွင်စစ်ကိုင်းတိုင်း၊ ချောင်းဦးမြို့နယ်၊ မုံရွာ -မန္တလေးလမ်းမပေါ်ရှိ နတ်ရေကန်ကျေးရွာ စစ်တပ်ဂိတ် စခန်းကို Fixed Wings Drone များဖြင့် 1 kg AIR BOMB ၈ လုံး ကျချတိုက်ခိုက်ခဲ့ရာ အကြမ်းဖက်စစ်သား ၂ ဦး သေဆုံးပြီး ၃ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

- ဇူလိုင် ၁၉ ရက်တွင် စစ်ကိုင်းတိုင်း၊ ဆားလင်းကြီးမြို့ပေါ် စစ်တပ်အထိုင်ချတပ်စွဲထားသည့် ရဲစခန်း၊ ထွေအုပ်ရုံး၊ ဆေးရုံ၊ မင်းကန်ကြီးဆည်ဘောင်နှင့် တာဝတိံသာဘုန်းကြီးကျောင်းတို့ကို PDF တပ်ဖွဲ့များက ဒရုန်း၊ လက်နက်ကြီး၊ လက်နက်ငယ် တို့ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ PDF ရဲဘော်တစ်ဦး ကျဆုံးခဲ့သည်။

- ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲမြို့ရှိ ခြေလျင်တပ်ရင်း ခလရ ၅၀၁ နှင့် ၅၀၂ အနီးတဝိုက်တွင် ဇူလိုင် ၁၄ ရက်မှ ဇူလိုင် ၁၅ ရက်အထိ တိုက်ပွဲများဖြစ်ပွားခဲ့သည်။

- ဇူလိုင် ၁၆ ရက်တွင် ရှမ်းပြည်နယ်၊ မိုးမိတ်မြို့နယ်အတွင်း ထိုးစစ်ဆင်လာသောတပ်နှင့် TNLA ပူးပေါင်းတပ်တို့ တိုက်ပွဲ ဖြစ်ပွားခဲ့ပြီး သေနတ် ၁၂ လက် သိမ်းဆည်းရမိခဲ့သည်။

- ဇူလိုင်လ ၁၆ ရက်တွင် ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးမြို့အထွက်က စစ်ကောင်စီရဲ့ ခမရ (၅၀၇) တပ်စခန်းအနီးမှာ စစ်ကောင်စီတပ်နဲ့ ကိုးကန့်တပ်ဖွဲ့ (MNDAA) တို့ တိုက်ပွဲဖြစ်ပွားခဲ့ပါသည်။

- ဇူလိုင် ၁၆ ရက်တွင် ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးမြို့အဝင် မယ်ဟန်စစ်ဆေးရေးဂိတ်ကို ဇူလိုင် ၁၆ ရက်က MNDAA က သိမ်းလိုက်ရာ စစ်ကောင်စီတပ်မှ ထိုဂိတ်ဝန်းကျင်ကို လေကြောင်းဖြင့် ၁၀ ကြိမ်ခန့် ဗုံးကြဲတိုက်ခိုက်ခဲ့သည်။

- ဇူလိုင် ၁၉ ရက်တွင် ရှမ်းမြောက် လားရှိုးမြို့မှာ စစ်ကောင်စီတပ်နဲ့ ကိုးကန့် တပ်(MNDAA) တပ်တို့ တိုက်ပွဲ ပြင်းထန်ခဲ့သည်။

- လားရှိုး မြို့ရပ်ကွက် ၅ ရှိ ၅၀၇ တပ်စခန်းအနီးတဝိုက်တွင် ဇူလိုင် ၂၁ ရက်၌ တိုက်ပွဲများ ဖြစ်ပွားနေပြီး၊ စစ်ကောင်စီက လေကြောင်းအပြင် လက်နက်ကြီးများဖြင့်ပါ ပစ်ခတ်မှုများရှိနေကြောင်း သိရသည်။

- ဇူလိုင်လ ၁၉ ရက်က ရှမ်းပြည်တောင်ပိုင်း၊ အင်လေးဒေသ၊ ညောင်ရွှေမြို့နယ် စံကားကျေးရွာတိုက်ပွဲမှာ စစ်ကောင်စီနဲ့ PNA ၂၀ ကျော် သေဆုံးပြီး တော်လှန်ရေးတပ်ပေါင်းစုဘက်ကလည်း ၄ ဦး ကျဆုံးခဲ့ပါသည်။

**ဇူလိုင်လ ၁၅ ရက်နေ့မှ ၂၁ ရက်နေ့အထိ တစ်ပတ်အတွင်းရရှိသော သတင်းများအပေါ် အခြေခံထားပါသည်။**